## ဇန္နဝါရီ (၄)

**အသက်ရှင်မှုပေါ်စစ်မှန်သောအဓိပ္ပါယ်ပေးနိုင်သည့် တစ်ဦးတည်းသော သူမှာ ဘုရားသခင်တစ်ပါးတည်းသာဖြစ်သည်။**

**ယ**နေ့ လူပေါင်းများစွာတို့အနေနှင့် ဘာကိုယုံကြည်ရမှန်း မသိဖြစ်နေသည်။ မိမိတို့ဘယ်ကလာသည်။ ဘယ်သူဘယ်ဝါဖြစ်သည်။ ဘယ်ကိုသွားနေသည်တို့ကိုမသိ။ သူတို့အနေနှင့် ဤကဲ့သို့လုံးဝရှုပ်ထွေးစရာ ဝေခွဲမရနိုင်သည့် အနေအထားထဲသို့ကျရောက်နေရခြင်းမှာ ၎င်းတို့အနေနှင့် တစ်ခုတည်းသော တိကျခိုင်လုံပြီး ရည်ညွှန်းအကိုးအကား ပြုနိုင်မည့် အခြေခံမဏ္ဍိုင်နှင့် အဆက်အသွယ် ပြတ်သွားခဲ့ခြင်းကြောင့်ဖြစ်ပြီး ယင်းက ဘုရားသခင်နှင့် သမ္မာကျမ်းစာထဲတွင် ရှင်းပြခဲ့ပြီးဖြစ်သည့်အတိုင်း သူတို့၏ဘဝအသက်တာအတွက်သူ၏ အကြံအစည်တော်တို့ပင်ဖြစ်သည်။ ၎င်းတို့အနေနှင့် ဘုရားသခင်၌ ယုံကြည်ခြင်းမရှိ၍သော်၎င်း ဘုရားရှင်အား ဆက်လက်မယုံကြည်တော့သောကြောင့်၎င်းသူတို့သည် ချစ်ခြင်းမေတ္တာ၌ ယုံကြည်ခြင်း၊ ဘဝအသက်တာနှင့် လူများတို့အပေါ်ဖြစ်စေ အရာအားလုံးတွင် ယုံကြည်ခြင်း ဆိတ်သုဉ်းသွားခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း သခင်ယေရှု၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ရှာဖွေတွေ့ရှိခဲ့ကြရသော ကျွန်ုပ်တို့အဖို့ ဘယ်သောအခါမျှ ပျက်ကွက်ခြင်းမရှိနိုင်သည့် ဘုရားသခင်နှင့် ထာဝရ တည်မည့်ချစ်ခြင်းမေတ္တာကို ရှာဖွေတွေ့ရှိခဲ့ရပြီဖြစ်သည်။ သူ့ကိုသိကျွမ်းခြင်းသည် ထာဝရအသက်ဖြစ်သည်ဟု ဆိုသောသူအား ကျွန်ုပ်တို့သိကြသည်။ (ယော ၁၇း၃) မိမိတို့သည် အသစ်တဖန်မွေးဖွားခြင်းကိုခံခဲ့ကြရပြီ ဖြစ်၍ ယခုအခါ ကျွန်ုပ်တို့၌ ဘဝအသက်တာပေါ် လုံးလုံးလျားလျား သစ်လွင်သောအမြင်ရှိနေကြပြီဖြစ်သည်။ မိမိတို့ဘဝအသက်တာတွင်းသို့ သူ၏ဝင်ရောက်လာခြင်းက မိမိတို့၏စိတ်ဝိညာဉ်ကို သန့်စင်စေပြီး ပြန်လည်ဆန်းသစ်တက်ကြွလာစေယုံမျှမက မိမိတို့၏စိတ်ကိုလည်း အသစ်ပြန်လည်ဖြစ်စေခဲ့ရာ ဟောင်းနွမ်းနေသောအဆက်အသွယ်များနှင့် အမူအကျင့်များကို ချိုးဖျက်ပြီးမိမိတို့ပတ်ဝန်းကျင်ရှိ အရာများအားလုံးနီးပါးပေါ် တုန့်ပြန်မှုအသစ်ပေးနိုင်သည့် ကွန်ပျူတာအသစ်တစ်ခုလုံးဖြစ်လာစေရန် တဖြည်းဖြည်းတည်ဆောက်ခြင်းနှင့် ဝါယာကြိုးအသစ်များပြန်လည်တပ်ဆင်ခြင်းတို့အား ပြုလုပ်ပေးနေသည်။

သခင်ယေရှုက မိမိတို့ကိုပေးအပ်သော အလွန်ကောင်းမွန်အံ့ဩဖွယ်ရာပျော်ရွှင်မှု၊ ဘဝအသက်တာနှင့်ချစ်ခြင်းမေတ္တာတို့အပြင်အသက်ရှင်ခြင်း၌စစ်မှန်သောရည်ရွယ်ချက်နှင့် မိမိတို့ မည်သူ့အတွက် အသက်ရှင်ပေးရမည်ဆိုသည်ကို တွေ့ရှိခဲ့ရပြီဖြစ်သည်။ ယခုအခါ သခင်ယေရှုအတွက် လုပ်ဆောင်သော မိမိတို့၏အလုပ်၌ အကြီးမားဆုံးသော စိတ်ကျေနပ်နှစ်သိမ့်မှုကြီးဖြစ်သည့် မိမိတို့၏အသစ်သောယုံကြည်ခြင်းနှင့် မိမိတို့၏ ဝိညာဉ်ရေးဆိုင်ရာ မိသားစု၏မိသဟာရပြုခြင်းအမှုတွင်ပျော်ရွှင်ကျေနပ်ခြင်းတို့၌ကျွန်ုပ်တို့သည်စိတ်လှုပ်ရှားစရာ အတွေ့အကြုံကို ခံစားရပြီဖြစ်သည်။